# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

COMMERCE

August 7, 2019 Volume 22, Number 5


## ၇.၈.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/ကျပ် |
| CBM Rate | = ၁၅၀၉.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၃.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၁၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## တရားမဝင် ကြက်သွန်ဖြူဝင်ရောက်မှု စစ်ဆေးကြပ်မတ်မှုများပြုလုပ်

နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ရှမ်းပြည်နယ်အတွင်းသို့ တရုတ်မှ တရားမဝင် ဝင်ရောက်လာသည့် ကြက်သွန်ဖြူများကို ပြည်နယ်အစိုးရမှ ထိရောက်စွာ စစ်ဆေးဆောင်ရွက်နေခြင်းကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း ကုန်သည်များထံမှသိရသည်။ တောင်ကြီးမြို့မှ ကြက်သွန်ဖြူကုန်သည်တစ်ဦးက ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း နှစ်စဉ်စစ်ဆေးတယ်။ ဒါပေမယ့် တရားမဝင်ကတော့ ပပျောက်မသွားပေမယ့် ဝင်ရောက်နှုန်းတော့ နည်းသွားတာပေါ့။ ဒီလိုမှမလုပ်ရင် တောင်သူတွေဟာ စိုက်ပျိုးဧကတွေ လျှော့ချစိုက်လာမယ်ဆိုရင် ပြည်တွင်းသုံးစွဲမှုကို ထိခိုက်လာမှာဖြစ်တယ်ဟုပြောသည်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဝင်ပေါက်များမှ စစ်ဆေးကြပ်မတ်ခြင်းကို ကြက်သွန်ဖြူများ ထွက်ပေါ်ချိန်တွင်သာမကပဲ တစ်နှစ်ပတ်လုံး စီမံချက်ချဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်ပသို့ ကြက်သွန်ဖြူ တန်ချိန် ၃,၀၀၀ ခန့်သာ တင်ပို့နိုင်ခြင်းကြောင့် ထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက တင်ပို့မှုလျော့နည်း နေသေးကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ဝန်ကြီးဌာနအနေနဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ပေးတာနဲ့ ဈေးငွေရရှိဖို့ကို ချိတ်ဆက်ဆောင်ရွက်ပေးသွားမယ်ဟုပြောသည်။ လက်ရှိဈေးကွက်အတွင်း ယခင်က ကြက်သွန်ဖြူမျိုးခြားတစ်ပိဿာလျှင် ၁၀၅၀ ကျပ်ရှိရာမှ ယခုအခါတွင် ၁၈၀၀ ကျပ်အထိမြင့်တက်လာသည်။ ယင်းအပြင် ရှမ်းပြည်နယ်အတွင်း ယခင်နှစ်က ကြက်သွန်ဖြူဈေးမကောင်းခဲ့သည့်အတွက် ယခုနှစ်တွင် တောင်သူများမှာ စိုက်ဧကလျှော့ချထားကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးနေသည့် ကြက်သွန်ဖြူမျိုးများမှာ ထူး-၁၊ ထူး-၂၊ ထူး- ၃၊ ထူး- ၄၊ ထူး- ၅ တို့ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံသည် ကြက်သွန်ဖြူ စိုက်ပျိုးမှုများသည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးဧကပေါင်း ၇ သိန်းကျော်ရှိပြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စိုက်ဧက ၄၀၀၀၀ နီးပါးရှိကာ၊ တန်ချိန် ၉၀၀၀၀ ကျော်ထွက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/ 236918267 9833 881? __tn__=K-R

## ရွှေဈေးအဆမတန် မြင့်တက်နေ၍ ဈေးကွက်အေးစက်နေ

ပြည်တွင်းရွှေဈေးသည် ရက်ပိုင်းအတွင်း အဆမတန်မြင့်တက်လာခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် ရပ်ဆိုင်းနေသည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်များကဆိုသည်။ ပြည်တွင်းအခေါက်ရွှေဈေးသည် ဇူလိုင် ၆ ရက်တွင် တစ်ကျပ်သားလျှင် ကျပ် ၁၁၂၂၅၀၀ ရှိရာမှ ဩဂုတ် ၆ ရက်တွင် ကျပ် ၁၁၇၃၀၀၀ အထိ

တစ်လအတွင်းကျပ် ၅၀၀၀၀ ကျော် မြင့်တက်လာသည်။ ဩဂုတ် ၁ ရက်နှင့် နှိုင်းယှဉ်ပါက ရက်ပိုင်းအတွင်း တစ်ကျပ်သားလျှင် ကျပ် ၃၁၀၀၀ ကျော်အထိ ဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ရက်ပိုင်းအတွင်းမှာ



ဈေးကတရိပ်ရိပ်တက် လာတော့ ဝယ်မယ့်သူက ခဏစောင့်ကြည့်နေတဲ့ အနေအထားပါဟု မြန်မာ့ရွှေ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးအုန်းမြိုင်ကပြောကြားခဲ့သည်။ အခေါက် ရွှေဈေးမြင့်တက်လာခြင်းကြောင့် လက်ဝတ်ရတနာဈေးပါ မြင့်တက်လာသည်ဟု ၎င်းကဆိုသည်။

ထိုသို့ဈေးမြင့်တက်ခြင်းကြောင့် ရွှေလုပ်ငန်းရှင်အသင်းက အထူးအစည်းအဝေးကျင်းပပြီး သတင်းစာရှင်းလင်းပွဲတစ်ခုကို ဩဂုတ် ၇ ရက်တွင် ကျင်းပမည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။ ထိုသို့ ဈေးနှုန်းမြင့်တက်လာခြင်းသည် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့်ဖြစ်ပြီး အခြားအကြောင်းအရာများမပါဝင်ဟု ရွှေလုပ်ငန်းရှင်ဦးမင်းမင်းက ပြောသည်။ ဒီဈေးနှုန်းနဲ့က ဘယ်သူမှဝယ်နိုင်မှာမဟုတ်ဘူး။ နောက်ပြီး တကယ်ရှိသင့်ရှိထိုက်တဲ့ ဈေးနှုန်းလည်းမဟုတ်ဘူး ဟု ၎င်းကဆိုသည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၅ ရက်တွင် တစ်အောင်စလျှင်၁၄၅၇ ဒေါ်လာရှိရာမှ ဩဂုတ် ၆ ရက်တွင် ၁၄၇၅ ဒေါ်လာအထိမြင့်တက်ခဲ့သည်။

**Source: 7daydaily.com**

https://www.facebook.com/kope.aung

## တရားခံလွှဲပြောင်းပေးရေးဥပဒေမူကြမ်းအား ဆန့်ကျင်ဆန္ဒပြမှုများကြောင့် ဟောင်ကောင်စတော့ရှယ်ယာ ဈေးကွက်များ ထိခိုက်မှုများရှိလာပြီး ဒေသခံစီးပွားရေးများ စိုးရိမ်ဖွယ်အခြေအနေတွင်ရှိနေခြင်း

ဟောင်ကောင်၏နိုင်ငံရေးပိုင်းဆိုင်ရာ တရားခံလွှဲပြောင်းပေးရေး ဥပဒေမူကြမ်းအား ပြည်သူများမှဆန့်ကျင်မှုများ (၂)လကျော် ဆက်တိုက်ဆန္ဒပြမှုများ ဖြစ်ပေါ်နေမှုကြောင့် ဟောင်ကောင်မြို့၏ စတော့ရှယ်ယာဈေးကွက်ကျဆင်းရန် အားသာလျှက်ရှိကြောင်း၊ အာရှတိုက်တစ်ဝန်းတွင် စတော့ ရှယ်ယာဈေးကွက်များ ပြန်လည်ဦးမော့လာသော်လည်း MSCI Hong Kong Index အရ ဟောင်ကောင်ဒေသတွင် ဈေးကွက်မှာ ၃၀.၇.၂၀၁၉ ရက်နေ့ (အင်္ဂါနေ့)အထိ နိမ့်ကျလျှက်ရှိပါကြောင်း၊ ဟောင်ကောင်တွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ အကြား အငြင်းပွားမှုများ ၈ ပတ်ကြာဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း တနင်္လာနေ့တိုင်းတွင်စတော့ရှယ်ယာ အများဆုံးရောင်းချမှု ကျဆင်းခဲ့သည်မှာ ၆ ပတ်ကြာရှိပြီဖြစ် ကြောင်း၊ ဟောင်ကောင်၏ ငွေကြေးဈေးကွက်ကျဆင်းမှုသည် ယခင်ကမယုံကြည်နိုင်စရာ ကောင်းလောက်အောင် ပြန်လည်ဦးမော့နိုင်ခဲ့သော်လည်း ယခုအခါ လုပ်ငန်းရှင်များအနေဖြင့် ဆန္ဒပြမှုများမှ ဒေသတွင်းစီးပွားရေးအားခြောက်လှန့်နေမှုများကြောင့် ယုံကြည်မှုများ လျော့နည်းလာလျှက်ရှိကြောင်း၊ဟောင်ကောင်မြို့၏ ဆန္ဒပြမှုများအပေါ် ပေကျင်းမြို့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲကြောင့် စိုးရိမ်ပူပန်မှုများ အနည်းငယ်လျော့ကျမှုများဖြစ်ပေါ်စေကြောင်း သတင်းများ၌ ရေးသားဖော်ပြထားပါသည်။ ရုံး၊ အိမ်ခြံမြေ၊ ဈေးဝယ်စင်တာများနှင့် ဆက်စပ်လုပ်ကိုင်လျှက်ရှိသည့် ကုမ္ပဏီများအနေဖြင့် သိသိသာသာ ရုတ်တရက်ဈေးကွက်ကျဆင်းမှုများဖြစ်ပေါ်နေပါကြောင်း၊ ဆန္ဒပြမှုများကြောင့် ဟောင်ကောင်သို့ လာရောက်သည့် ခရီးသွားများလျော့ကျလာပြီး ဟောင်ကောင်ရှိ စီးပွားရေးအချက်အချာကျသည့် နေရာများရှိ ကျောက်မျက်လက်ဝတ်ရတနာများနှင့် အလှကုန်ပစ္စည်းများရောင်းချသည့် လက်လီအရောင်းဆိုင်၊ စတိုးဆိုင်များပိတ်ထားရကြောင်း၊ သို့ဖြစ်ပါ၍ အခန်းပိုင်ရှင်များအနေဖြင့် အခန်းငှားရန်းခများမြှင့်တင်နိုင်မည့် အခြေအနေနည်းပါးလျှက်ရှိပါကြောင်း Bloomberg Intelligence တွင် ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်တွင် ရင်းနှီးမြှုပ်နှံသူအများစုမှာ ယခုဖြစ်ပွားလျှက်ရှိသည့် ဆန္ဒပြမှု များကြောင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ဆောင်ရန် ဆန္ဒနည်းပါးနိုင်ကြောင်း၊ ဆန္ဒပြမှု များအနေဖြင့်လည်း ရက်သတ္တပတ် (၈) ပတ်ကျော် ကြာမြင့်နေပြီဖြစ်သောကြောင့် အမှား အယွင်းနည်းပါးအောင် အထူးသတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း VC Asset Manage – ment Ltd. မှ ဟောင်ကောင်ဒေသအခြေစိုက် managing Director ဖြစ်သူ Louis Tse ပြောကြားခဲ့ပါသည်။ ဟောင်ကောင် စတော့ရှယ်ယာဈေးကွက်အနေဖြင့် ရင်းနှီးမြှုပ်နှံ သူများအား ယခုနှစ်တွင်ကောင်းမွန်စေခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (သောကြာနေ့) တွင် MSCI Asia Pacific index ၏ ၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် MSCI Hong Kong Index သည် ၁၄ ရာခိုင်နှုန်းအထိ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဟောင်ကောင်မြို့၏ခန့်မှန်းချက်သည် မကြာသေးမီ ဧပြီလက မြင့်မားလျှက်ရှိကြောင်း မှတ်တမ်းဝင်ခဲ့ကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်များက မြင့်တက်ခဲ့သော အခန်းငှားရမ်းခများ မြင့်တက်မှုအနေဖြင့် လျော့နည်းလာသော်လည်း ဇွန်လတွင် ဟောင်ကောင်၏ အိမ်ခြံမြေ ရှယ်ယာများ မြင့်တက်ခဲ့ကြောင်း

ရေးသားဖော်ပြထားပါသည်။ ဟောင်ကောင်တွင် ရထားပြေးဆွဲမှုအနေဖြင့် ၂၉.၇.၂၀၁၉ ရက်နေ့ရှိပမာဏသည် ပျမ်းမျှ ၃ လ စာထက် ၂ ဆ ပိုမိုလျော့ကျခဲ့ကြောင်း၊ ဟောင်ကောင်ရထားပြေးဆွဲရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသော MTR Corp မှ ပြောကြားခဲ့ကြောင်း၊ တန်ဖိုးမြင့်ဇိမ်ခံပစ္စည်းများ ရောင်းချသော ဈေးဆိုင် ခန်းများ၊ ရုံးများနှင့် ဟိုတယ်များ ပိုင်ဆိုင်သည့် Swire Properties Ltd., အနေဖြင့်လည်း ၁၀ လအတွင်း ကာလအကြာရှည်ဆုံး ဆုံးရှုံးမှုဖြစ်ကြောင်း၊ ဟောင်ကောင်မြို့၏ အကြီးမားဆုံး ဖြစ်သည့် Harbour City Shopping Complex အားပိုင်ဆိုင်သည့် Wharf Real Estate Investment သည်လည်း ၂၉.၇.၂၀၁၉ ရက်နေ့တွင် ၄.၇ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။ ပေကျင်းအစိုးရအနေဖြင့် ဟောင်ကောင်၏ လက်ရှိဆုံးရှုံးမှုများဖြစ်နေသော ဆိုးရွားသည့်အခြေအနေကြောင့် သက်ရောက်မှုများဖြစ်စေပြီး ထိန်းချုပ်မည်ကို စိုးရိမ်လျှက်ရှိကြကြောင်း၊ ယခင်အပတ်က ဟောင်ကောင်၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေပေါ် လေ့လာသုံးသပ်ပြီးနောက် ဟောင်ကောင်အစိုးရအနေဖြင့် စစ်တပ်လွှတ်ပေးရန် တောင်းဆိုပါက စစ်သားများအား စေလွှတ်ပေးရန် ပေကျင်းဘက်မှ စီစဉ်လျှက်ရှိကြောင်း၊ သို့သော် ဟောင်ကောင်ဒေသမူဝါဒချမှတ်သူများအနေဖြင့် အဆိုပါအစီစဉ်အား လက်ခံလိုခြင်းမရှိကြောင်း၊ တရုတ်နှင့်အမေရိကန်နိုင်ငံအကြား ရှုန်ဟိုင်းတွင် ကုန်သွယ်ရေးဆွေးနွေးပွဲပြုလုပ်သည့် ပုံစံအသစ်မျိုးဖြစ်နေကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်အနေဖြင့် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးအကျပ်အတည်းမှာ ဖြစ်ပွား လျှက်ရှိနေပြီးသားဖြစ်ကြောင်း၊ သို့ဖြစ်၍ တင်းမာမှုများ ဖြစ်ပွားစေရန် ထပ်မံထည့်သွင်း လိုခြင်းမရှိကြောင်းနှင့် လိုအပ်သည်ထက် ပိုမို၍လုပ်ဆောင်ရာ ရောက်နေကြောင်း Asia Research မှ United First Partner ၏ အကြီးအကဲ ခေါင်းဆောင်ဖြစ်သူ Justin Tang က ပြောကြားခဲ့ပါသည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အာရှငွေကြေး အကျပ်အတည်းတွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် SAR ရောဂါဖြစ်ပွားခဲ့မှုတွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်စဉ်အချိန်ကပင်လျှင် ဟောင်ကောင်အနေဖြင့် တောင့်တင်းခိုင်မာလျှက်ရှိသည့် အနေအထားတွင် အမြဲရှိပါကြောင်း၊ သို့သော်ယခုအခါ ဟောင်ကောင်၏ ပြန်လည် ဦးမော့လာနိုင်မှုမှာ မသေချာနိုင်သည်အထိ မှတ်တမ်းဝင်ခဲ့ပြီး စိုးရိမ်ရသည့်အနေအထားတွင်ရှိနေကြောင်း၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ပြီးသူများအနေဖြင့် လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံသူများမှ ၎င်းတို့၏ လုပ်ငန်းများအား စင်ကာပူနိုင်ငံသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် လေ့လာလျှက် ရှိကြောင်း ရေးသားဖော်ပြထားပါသည်။ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသမှ ပြင်ဆင်ရေးဆွဲလျှက်ရှိသော တရားခံလွှဲပြောင်းပေးရေးဥပဒေအား ဆန့်ကျင်မှုများ ကြာရှည်နေမည်ဆိုလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီး မြှုပ်နှံရန် ဒေသများရှာဖွေလာမည်ဖြစ်ကြောင်း စင်ကာပူရှိ Vanguard Markets ၏ Managing Partner ဖြစ်သူ Stephen Innes ကပြောကြားခဲ့ကြောင်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ထုတ်ဝေသော South China Morning Post သတင်းစာတွင် Sofia Hortae Costa နှင့် Jeanny Yu ကရေးသားဖော်ပြထားသည့်သတင်းအား တင်ပြအပ်ပါသည်။

**Source: South China Morning Post**

**စီးပွားရေးသံမှူး-ဟောင်ကောင်**

## ဗြိတိန်ခွဲထွက်မှုအလွန် အမေရိကနိုင်ငံများနှင့် ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်ရန် ဗြိတိန်နိုင်ငံ ပြင်ဆင်လျက်ရှိ

ဗြိတိန်ခွဲထွက်ရေး အကြိုပြင်ဆင်မှုတစ်ရပ်အနေဖြင့် အီးယူပြင်ပနိုင်ငံများဖြစ်သည့် အမေရိကနိုင်ငံများနှင့် ကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် ကနေဒါ၊ အမေရိကန် ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံများသို့ ယခုသီတင်းပတ်အတွင်း သွားရောက်ရန် ဗြိတိန်နိုင်ငံ၏ Foreign Secretary ဖြစ်သူ Dominic Raab အနေဖြင့် ပြင်ဆင်လျက်ရှိကြောင်း neweurope သတင်းဌာန၏ ၆.၈.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဗြိတိန်ခွဲထွက်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကို ဦးဆောင်ခဲ့သည့် Dominic Raab အားပြီးခဲ့သည့်လအတွင်းက ဗြိတိန်ဝန်ကြီးချုပ်အသစ်ဖြစ်သူ Boris Johnson က Foreign Secretary အဖြစ်ခန့်အပ်ခဲ့ပြီးနောက် အီးယူမှ ဗြိတိန်ခွဲထွက်ရေးကိစ္စ သဘော တူညီမှု ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေလာမည့် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဗြိတိန်အား ဥရောပသမဂ္ဂအဖွဲ့အစည်းမှ နှုတ်ထွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြား ခဲ့ပါသည်။ အီးယူမဟုတ်သော မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု အရှိန်မြှင့် ဆောင်ရွက်သွားရန် မိမိအနေဖြင့် ဆုံးဖြတ်ထားကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းမှာ ဗြိတိန်ခွဲ ထွက်မှုပြီးနောက် မိမိတို့၏ ကုန်သွယ်မှုဆိုင်ရာ အစီအစဉ်များကို ချောမွေ့စွာ ကူးပြောင်း နိုင်ရေး ၎င်းနိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး၊ စားသုံးသူ များအတွက် ကုန်ဈေးနှုန်းသက်သာစေခြင်း၊ မိမိတို့၏မြင့်မားသော စံချိန်စံညွှန်းများကို လေးစားလိုက်နာ ခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်သည့် ပိုမိုကျယ်ပြန့်သော ကုန်သွယ်မှု ဆက်ဆံရေးများဆီသို့ လျင်မြန်စွာ ပြောင်းရွှေ့ခြင်းတစ်ရပ်လည်းဖြစ်ကြောင်း ၎င်း၏ ခရီးစဉ်အကြိုဖော်ပြချက်တစ်ရပ်အနေဖြင့် Dominic Raab ကပြောကြားခဲ့ကြောင်း သိရ ပါသည်။ ၎င်းအနေဖြင့် အမေရိကသို့ သွားရောက်မည့် ခရီးစဉ်အတွင်း

အဓိကကျသည့် နိုင်ငံတကာကိစ္စရပ်များအပေါ်တွင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေး သွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။ အီးယူသည် ဗြိတိန်၏ အကြီးမားဆုံးကုန်သွယ်ဖက် အဖွဲ့အစည်းအဖြစ် ရပ်တည်နေဆဲဖြစ်ပြီး၊ ၂၀၁၈ ခုနှစ်တွင် ဗြိတိန်၏အီးယူသို့ ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ စတာလင်ပေါင် ၂၈၉ ဘီလီယံနှင့် သွင်းကုန် တန်ဖိုး စတာလင်ပေါင် ၃၄၅ ဘီလီယံရှိကြောင်းသိရှိရပါသည်။ ဗြိတိန်ခွဲထွက်ရေးလှုပ်ရှားသူများ (Pro-Brexit Campigners) က အီးယူမှဗြိတိန်ခွဲထွက်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှု ဆက်ဆံရေး သဘောတူညီချက်အသစ်များအား ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြပြီး၊ ဗြိတိန်အစိုးရ၏ ထုတ်ပြန်ချက် စာရင်းဇယားများအရ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံများနှင့်ဗြိတိန်နိုင်ငံအကြား နှစ်စဉ် ကုန်သွယ်မှု တန်ဖိုးမှာ စတာလင်ပေါင် ၂၂၅ ဘီလီယံခန့်ရှိကြောင်း အဆိုပါသတင်းကဖော်ပြထားပါသည်။

**Source:-https://www.neweurope.eu/**

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ဆန်စပါးမျိုးသန့် ထုတ်လုပ်ဖြန့် ဖြူးရောင်းချနိုင်ရန် ဂက်ဘ်ဆိုက်တစ်ခုထူထောင်မည်

ဆန်စပါးမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန် ဂက်ဘ်ဆိုက်တစ်ခုထူထောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အကြီးတန်းအကြံပေး ဒေါက်တာမင်းအောင်ကပြောသည်။ အခုတော့ WHH နဲ့ စကားပြောထားတယ်။ သူတို့ဘက်က ဘတ်ဂျက်ပေးမယ်။ အသင်းချုပ်ဘက်က ရေးဆွဲပေးရမှာပေ့ါ။ အဲဒီဂက်ဘ်ဆိုက်မှာ တစ်ယောက်နဲ့ တစ်ယောက်ဆက်သွယ်တာတွေ၊ ဈေးနှုန်းကိစ္စတွေ ပိုလျင်မြန်စွာ ချိတ်ဆက်ရောင်းဝယ်နိုင်မှာပါ ဟု ဒေါက်တာမင်းအောင်က ပြောသည်။ အဆိုပါ ဂက်ဘ်ဆိုက်ရေးဆွဲရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် WHH တို့အကြား ပူးပေါင်းဆောင်ရွက် ခြင်းဖြစ်ပြီး၊ မျိုးသန့်ကဏ္ဍပိုမိုကျယ်ပြန့်လာစေရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများနှင့်ရောင်းဝယ်သူများအကြား သတင်း အချက်အလက်ချိတ်ဆက်မှုများပြုလုပ်ကာ ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

အဓိကတော့ မျိုးနဲ့ပတ်သက်ပြီး ဘယ်မှာ ဘာမျိုးရှိတယ်။ ဘယ်နေရာမှာ ဝယ်နိုင်မယ်။ ပလက်ဖောင်း တစ်ခု ရှိနေမှသာ ကိုယ်လိုချင်တဲ့ အရည်အသွေး၊ အရေအတွက်၊ ဈေးနှုန်းထားတွေသိနိုင်ပြီး မျိုးသန့်ဈေးကွက်က လွယ်လွယ်ကူကူ အဆင်ပြေ လာစေမှာဖြစ်ပါတယ်ဟု ဒေါက်တာမင်းအောင်က ဆက်လက်ပြောသည်။ အဆိုပါဂက်ဘ်ဆိုက်တွင် ပြည်ပသို့တင်ပို့ရာ၌ ဈေးကောင်းရရှိစေမည့် မျိုးစေ့လမ်းညွှန်များ၊ နိုင်ငံတကာမှ ကြိုက်နှစ်သက်သည့် မျိုးစေ့အမျိုးအစားများ၊ မျိုးစေ့ဝယ်ယူ ရရှိနိုင်ရန် ဆိုင်လမ်းညွှန်များ၊ ရာသီအလိုက်စိုက်ပျိုးသင့်သည့်မျိုးစေ့များကို ကဏ္ဍအလိုက်ခွဲခြားဖော်ပြပေးထားမည် ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/?_ga

## မြန်မာနိုင်ငံက အာဆီယံနှင့်တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့်နယူးဇီလန်တို့ပါဝင်သည့် RCEP တွင် ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ရှိသောဈေးကွက်သို့ မြန်မာပို့ကုန်များ အကောက်ခွန်ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည်



မြန်မာနိုင်ငံက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ပါဝင်သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership RCEP) တွင် ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ထက်ဝက်ခန့်ရှိသောဈေးကွက်သို့ မြန်မာ့ပို့ကုန်များကို အကောက်ခွန်ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည်ဖြစ် ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ၏ (၈) ကြိမ်မြောက် ဝန်ကြီးအဆင့်ကြားဖြတ်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက်မှ ၃ ရက်အထိ တရုတ်နိုင်ငံပေကျင်းမြို့တွင်ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး သဘောတူစာချုပ်၏ ဈေးကွက်ဖွင့်လှစ်ရေး ဆွေးနွေးညှိနှိုင်းမှု (Market Access Negotiation) အား ၁၀၀ ရာခိုင်နှုန်းနှင့် စာချုပ်၏ အဓိကအရေးပါသည့် အခန်းများ၏ စာသားညှိနှိုင်းမှု (Text based Negotiation) ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် ပြီးပြတ်အောင်ဆောင်ရွက်ရန် သဘောတူခဲ့ကြောင်းသိရသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သည် ကမ္ဘာ့လူဦးရေ ၏ ၄၇ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး ကမ္ဘာ့အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၄၂ ရာခိုင် နှုန်းရှိသည့်အတွက် ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူစာချုပ် ဖြစ်လာမည်ဖြစ်ရာ အဆိုပါစာချုပ် ဆွေးနွေးညှိနှိုင်းမှုများ၏ တိုးတက်မှုအခြေအနေကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်တစားစောင့်ကြည့်လေ့လာလျက်ရှိကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များက ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ချမှတ်ခဲ့ပြီး ၂၀၁၃ ခု နှစ်တွင် ဆွေးနွေးညှိနှိုင်းမှုများစတင်ခဲ့ရာ လက်ရှိအချိန်အထိ ထိပ်သီးအစည်းအဝေးနှစ်ကြိမ်၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု( RCEP) ဝန်ကြီးများအစည်းအဝေးခြောက်ကြိမ်၊ RCEP ဝန်ကြီးများ ကြားဖြတ်အစည်းအဝေးရှစ်ကြိမ်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီနှင့် ဆက်စပ်လုပ်ငန်းအဖွဲ့များ အစည်းအဝေး ၂၇ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ကို လက်ရှိအာဆီယံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များထက် ပိုမိုခေတ်မီပြီးပြည့်စုံ၍ အရည်အသွေးမြင့်မားကာ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်တစ်ခုဖြစ်ရန် ရည်ရွယ်ထားကြောင်းသိရသည်။ အဆိုပါစာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်းပါဝင်သဖြင့် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/126806

## ပြည်တွင်းစားသုံးသည့် ရွှေဘိုပေါ်ဆန်းသစ်တစ်အိတ်လျှင် လက်ရှိတွင် ကျပ် ၅၅၀၀၀ ဈေးဖြင့် အတက်ဈေးတွင်ရှိနေပြီး ခုနစ်လအတွင်း တစ်အိတ် ကျပ် ၇၀၀၀ မြင့်တက်

ပြည်တွင်းစားသုံးသည့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် လက်ရှိအချိန်တွင် ကျပ် ၅၅၀၀၀ ဈေးဖြင့် အတက်ဈေးတွင် ရှိနေပြီး ခုနစ်လအတွင်း တစ်အိတ်လျှင် ကျပ် ၇၀၀၀ မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့် စာရင်းများအရသိရသည်။ ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေဘိုပေါ်ဆန်းဈေးနှုန်းများကို လေ့လာကြည့်ပါက ဇန်နဝါရီလအတွင်း တစ်အိတ်လျှင် ကျပ် ၄၈၀၀၀၊ ဖေဖော်ဝါရီနှင့် မတ်လအတွင်း တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ရှိခဲ့ပြီး ဧပြီလအတွင်း တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ အထိမြင့်တက်ခဲ့ကာ မေလတွင် ကျပ် ၅၅၀၀၀ အထိ ထပ်မံမြင့်တက် ခဲ့သည်။ ယင်းနောက် ဇွန်နှင့်ဇူလိုင်လအတွင်း ရွှေဘိုပေါ်ဆန်းဈေး အတက်ဈေးတွင်သာရှိခဲ့ခြင်းဖြစ်သည်။ ရွှေဘိုပေါ်ဆန်းတစ်အိတ် လျှင် ၂၀၁၄ ခုနှစ်က ကျပ် ၄၃၅၀၀ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် မေနှင့်ဇူလိုင်လတွင် ကျပ် ၅၅၀၀၀ ဈေးရှိနေပြီး ခြောက်နှစ်အတွင်း ရာခိုင်နှုန်း ၂၀ ကျော် မြင့်တက်လာကြောင်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏မှတ်တမ်းများအရ ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆန်အမျိုးအစားအလိုက် ပြည်တွင်းဈေးနှုန်းများမှာ ၂၀၁၄ ခုနှစ်က ဧရာဝတီပေါ်ဆန်းတစ်အိတ်လျှင် ၃၅၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၄၃၅၀၀ ဈေးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ဧရာဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၅၀၀၀ ဈေးရှိလာသည်။ ညို့မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၂၀၁၄ ခုနှစ်က ၁၅၅၀၀ ရှိခဲ့ရာမှ ၂၀၁၉ခုနှစ် တွင် ကျပ် ၁၈၀၀၀ အထိ ဈေးရှိလာသည်။ ၂၀၁၅ ခုနှစ်အတွင်းတွင် ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၄၇၀၀၀ ကျပ်၊ ဧရာဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ညို့မထ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၊ ငစိန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ ရှိခဲ့သည်။

**၂၀၁၉ ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သည့် ဆန်ဈေးနှုန်း(ကျပ်)**

| စဉ် | ဆန်အမျိုးအစား | ဇန်နဝါရီ | ဇွန် | ဇူလိုင် |
|---|---|---|---|---|
| ၁။ | ရွှေဘိုပေါ်ဆန်း | ၆၃၀၀၀ | - | |
| ၂။ | ရွှေဘိုပေါ်ဆန်း(သစ်) | ၄၈၀၀၀ | ၅၅၀၀၀ | ၅၅၀၀၀ |
| ၃။ | ညှော့မထ(၂၅မှတ်) | ၁၉၃၀၀ | ၁၇၅၀၀ | ၁၈၀၀၀ |
| ၄။ | ငစိန်(၂၅မှတ်) | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ |

**၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်(ဇွန်အထိ)ဖြစ်ပေါ်ခဲ့သည့်ဆန်ဈေးနှုန်း(ကျပ်)**

| စဉ် | ဆန်အမျိုးအစား | ၂၀၁၄ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ |
|---|---|---|---|---|---|
| ၁။ | ရေဝတီ(ပေါ်ဆန်း) | ၃၅၀၀၀ | ၃၈၀၀၀ | ၃၇၀၀၀ | ၄၄၀၀၀ |
| ၂။ | ရွှေဘိုပေါ်ဆန်း | ၄၃၅၀၀ | ၄၆၀၀၀ | ၅၅၀၀၀ | ၅၅၀၀၀ |
| ၃။ | ညှော့မထ(၅မှတ်) | ၁၆၈၀၀ | ၂၁၀၀၀ | ၂၀၅၀၀ | ၂၁၀၀၀ |
| ၄။ | ညှော့မထ(၂၅မှတ်) | ၁၅၅၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ |
| ၅။ | ငစိန်(၂၅မှတ်) | ၁၆၅၀၀ | ၁၈၃၀၀ | ၂၂၀၀၀ | ၁၉၇၀၀ |

နေရာဒေသအလိုက်/ဆန်အမျိုးအစားအလိုက်ဈေးနှုန်းကွာဟချက်ရှိနိုင်ပါသည်။

Source: မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

၂၀၁၆ ခုနှစ်အတွင်းက ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၄၃၀၀၀ ကျပ်၊ ရေဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ ညှော့မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ်၂၀၅၀၀ ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၄၆၀၀၀ ကျပ်၊ ရေဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ညှော့မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၈၃၀၀ ရှိခဲ့သည်။ ၂၀၁၈ခုနှစ် လက်ရှိတွင် ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်၊ ရေဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၃၀၀၀၊ ညှော့မထ ၂၅ မှတ်ဆန်တစ် အိတ်လျှင် ကျပ် ၁၉၇၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ အထိ ဈေးရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မှသိရသည်။ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၆ ရက်က မြောင်းမြ/ ပုသိမ်ပေါ်ဆန်းသစ် တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၄၀၀၀၀ မှ အမြင့်ဆုံးကျပ် ၄၄၀၀၀၊ ဖျာပုံပေါ်ဆန်းသစ် တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၃၈၀၀၀ မှ အမြင့်ဆုံးကျပ် ၄၀၀၀၀၊ ညှော့မထတစ်အိတ်လျှင် အနိမ့်ဆုံးကျပ် ၁၉၀၀၀ မှ အမြင့်ဆုံး ကျပ် ၂၀၀၀၀၊ ငစိန်တစ်အိတ်လျှင် အနိမ့်ဆုံးကျပ် ၁၉၀၀၀ မှ အမြင့်ဆုံးကျပ် ၁၉၇၀၀ ဈေးဖြစ်ပေါ်နေကြောင်း သိရသည်။

**Source:** https://news-eleven.com/article/126811

## ယခုနှစ် ဒုတိယသုံးလပတ်အတွင်း SCG က မြန်မာနိုင်ငံဈေးကွက်တွင် စုစုပေါင်းအရောင်းဝင်ငွေ အမေရိကန်ဒေါ်လာ (၇၅)သန်းရှိ ၊ ယခင်တစ်နှစ်ပတ်လုံး၏ (၁၉) ရာခိုင်နှုန်းဟုဆို




၂၀၁၉ ဒုတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံတွင် SCG က ပြည်တွင်းဈေးကွက်နှင့် ထိုင်းနိုင်ငံလုပ်ငန်းများမှ တင်သွင်းမှုများ အပါအဝင် စုစုပေါင်းအရောင်းဝင်ငွေမှာ မြန်မာကျပ်ငွေ (၁၁၅)ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၅ သန်း)ဖြစ်ပြီး ယခင်တစ်နှစ်ပတ်လုံး၏ (၁၉) ရာခိုင်နှုန်းရှိကြောင်းသိရသည်။ ၂၀၁၉ ပထမနှစ်ဝက်ကာလအတွင်း SCG ၏ မြန်မာပြည်ဈေးကွက် တင်ပြချက်မှာ ရောင်းရငွေများမှ အရောင်း ဝင်ငွေမှာ မြန်မာကျပ်ငွေ ၂၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၃) သန်း ရရှိ၍ ယခင်တစ်နှစ်လုံး၏ ၇ ရာခိုင်နှုန်းပိုမိုရရှိခဲ့သည်။

အဓိကအားဖြင့် ဘိလပ်မြေနှင့်အိမ်ဆောက်ပစ္စည်းများလုပ်ငန်းမှ ပိုမို ရရှိခဲ့ခြင်းဖြစ်ကြောင်း SCG ၏ သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သို့သော် အာဆီယံ (ထိုင်းနိုင်ငံမပါ)တွင် SCG ၏ ၂၀၁၉ ခုနှစ် ဒုတိယ သုံးလပတ် Q2/2019 အရောင်းဝင်ငွေမှာ ယခင်တစ်နှစ်လုံး ၏ (၇) ရာခိုင်နှုန်း ၊ မြန်မာကျပ်ငွေ (၁၃၅၃) ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၈၅ သန်း)ကျဆင်းခဲ့ကြောင်းသိရသည်။ SCG ၏ ဥက္ကဋ္ဌနှင့်စီအီးအို ဖြစ်သူ Mr. Roongrote Rangsiyopash က ကုန်သွယ်ရေးစစ်ပွဲမှ ဆက်စပ်ဖြစ်ပေါ်လာသောအခြေအနေများကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းသွားမှုတွင် Q2/2019 အတွင်း လုပ်အားခများနှင့်ကုန်ထုတ်လုပ်ရေးဆုံးရှုံးမှုများသည် SCG ၏ ဒုတိယသုံးလပတ်နှင့် ၂၀၁၉ ပထမနှစ်ဝက်အတွက် လုပ်ငန်းဆောင်ရွက်မှုများ အထူးသဖြင့် ဓာတုပစ္စည်းလုပ်ငန်း များကို ထိခိုက်စေခဲ့ပါတယ်ဟုဆိုသည်။ SCG ၏ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွက် အရောင်းဝင်ငွေ စာရင်းချုပ် သည် ဓာတုပစ္စည်းတန်ဖိုးများ သိသာထင်ရှားစွာကျဆင်းမှုကြောင့် ယခင်တစ်နှစ်လုံး၏ ၇ ရာခိုင်နှုန်း၊ မြန်မာ ကျပ်ငွေ (၁၀၆၉၉) ဘီလီယံ (အမေရိကန်ဒေါ်လား ၇၀၀၅ သန်း) လျော့ပါးခဲ့ကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ကမ္ဘာ့ရွှေစျေးနှုန်း ၁၄၆၄ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေစျေးနှုန်း ကျပ် ၁၁၇၅၀၀၀ ဝန်းကျင်အထိ စံချိန်တင် ဆက်လက်မြင့်တက်ကာ ၁၅ ပဲရည် စျေးနှုန်း ကျပ် ၁၁ သိန်းကျော်သို့စတင်ရောက်ရှိ

ကမ္ဘာ့ရွှေစျေးသည် ဩဂုတ် ၆ ရက်တွင် ၁၄၆၄ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်း ရွှေစျေးနှုန်း ကျပ် ၁၁၇၅၀၀၀ ဝန်းကျင်အထိ စံချိန်တင် ဆက်လက်မြင့်တက်ခဲ့ပြီး ၁၅ ပဲရည် ရွှေစျေးနှုန်း ကျပ် ၁၁ သိန်းကျော်သို့ စတင်ရောက်ရှိခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။ ပြီးခဲ့သည့်ဩဂုတ် ၂ရက်က ၁၄၄၁ ဒေါ်လာဖြင့် စျေးပိတ်ခဲ့သည့် ကမ္ဘာ့ရွှေစျေးနှုန်းသည် စျေးပြန်လည် ဖွင့်လှစ်သည့် ဩဂုတ် ၅ ရက်တွင် ၁၄၅၈ ဒေါ်လာ ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး ဩဂုတ် ၆ ရက်တွင် ၁၄၆၁ ဒေါ်လာဝန်းကျင်အထိ ဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကမ္ဘာ့ရွှေစျေး ဆက်တိုက်မြင့်တက်မှုကြောင့် ပြည်တွင်း ရွှေစျေးနှုန်းမှာလည်း ကျပ် ၁၁၇၅၀၀၀ ဝန်းကျင်အထိ စံချိန်တင်ဆက်လက်မြင့်တက်ခဲ့ပြီး ၁၅ ပဲရည် ရွှေစျေးနှုန်းမှာလည်း ကျပ် ၁၁၀၆၀၀၀ သို့ စတင်ရောက်ရှိလာကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ကမ္ဘာ့ရွှေစျေးသည် ဩဂုတ် ၂ ရက် ၁၄၄၁ ဒေါ်လာဝန်းကျင်ဖြင့် တစ်ပတ်တာစျေးပိတ်ခဲ့ပြီး ဩဂုတ် ၃ ရက်နှင့် ၄ ရက် တွင် ပြည်တွင်းရွှေစျေးနှုန်းသည် ကျပ်၁၁၅၄၅၀၀ ဝန်းကျင်အထိရှိပြီး ဩဂုတ် ၅ ရက်တွင် ၁၁၆၈၀၀၀ ဝန်းကျင်၊ ဩဂုတ် ၆ ရက်တွင် ကျပ် ၁၁၇၅၀၀၀ ဝန်းကျင်အထိ စံချိန်တင်ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။ အဆိုပါစျေးနှုန်းများမှာ အခေါက်ရွှေစျေးနှုန်းများဖြစ်ပြီး ၁၅ ပဲရည်ရွှေစျေးနှုန်းမှာ ဩဂုတ် ၅ ရက်တွင် တစ်ကျပ် သားလျှင် ကျပ် ၁၀၉၈၄၀၀ ဝန်းကျင်နှင့် ဩဂုတ် ၆ ရက်တွင် ကျပ် ၁၁၀၆၀၀၀ အထိရှိခဲ့ကြောင်းသိရသည်။ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေစျေးနှုန်း စံချိန်တင်စျေးများ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး နှစ်အလိုက် စံချိန်တင် စျေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၆ ရက်တွင် ကျပ် ၁၁၇၅၀၀၀ ဖြစ်သည်။

ရွှေစျေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းကိုကျော်လွန်ခဲ့ပြီး လက်ရှိတွင် ကျပ် ၁၁၇၅၀၀၀ အထိ မြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းရွှေစျေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်က ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက် တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေစျေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇွန် ၂၁ ရက်တွင် ကျပ် ၁၁၁၅၀၀၀ အထိ ဇွန် ၂၅ ရက်တွင် ကျပ် ၁၁၃၀၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ၊ ဩဂုတ် ၂ ရက်တွင် ကျပ် ၁၁၅၂၀၀၀ အထိ၊ ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၅၀၀ အထိ၊ ဩဂုတ် ၄ ရက်တွင် ၁၁၅၄၅၀၀၊ ဩဂုတ် ၅ ရက်တွင် ၁၁၆၈၀၀၀၊ ဩဂုတ် ၆ ရက်တွင် ၁၁၇၅၀၀၀ အထိ စံချိန်တင် စျေးနှုန်းများ ထပ်တင်ခဲ့သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေစျေးနှုန်းများမှာ ဖေဖော်ဝါရီအတွင်း ကျပ် ၁၀၆၁၀၀၀–၁၀၈၈၅၀၀၊ မတ်လအတွင်း ကျပ် ၁၀၄၂၅၀၀–၁၀၇၂၀၀၀၊ ဧပြီအတွင်း ကျပ် ၁၀၃၆၀၀၀–၁၀၅၅၀၀၀၊ မေလအတွင်း ကျပ် ၁၀၃၆၀၀၀–၁၀၅၉၀၀၀၊ ဇွန်လအတွင်း ကျပ် ၁၀၅၆၀၀၀–၁၁၃၀၀၀၀၊ ဇူလိုင်အတွင်း ကျပ် ၁၀၉၇၀၀၀–၁၁၅၀၀၀၀ တို့ဖြစ်သည်။

ကမ္ဘာ့ရွှေစျေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ်ဧပြီမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိကွာခြားခဲ့သည်။ လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေစျေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၂၇၈–၁၃၂၅ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၃၀၇– ၁၃၄၃ ဒေါ်လာ၊ မတ် လ တွင် ၁၂၉၂– ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉–၁၃၀၉ ဒေါ်လာ၊ မေလတွင် ၁၂၇၀–၁၃၀၆ ဒေါ်လာ၊ ဇွန်လတွင် ၁၃၀၅–၁၄၂၃ ဒေါ်လာ၊ ဇူလိုင်တွင် ၁၃၈၂–၁၄၄၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိ ရှိခဲ့သည်။

**Source:** https://news-eleven.com/article/126868

## နမ်းအရည်အသွေးသတ်မှတ်ချက် ပိုမိုတောင်းဆိုလာ

မြန်မာ့နမ်းကို အများဆုံးဝယ်ယူနေသည့် ဂျပန်နိုင်ငံက အရည်အသွေးကန့်သတ်ချက် ပိုမိုတောင်းဆိုလာသဖြင့် စျေးကွက်ရရှိရန်ခက်ခဲလာကြောင်း အောင်လံမြို့နယ် ကုန်စည်ဒိုင်ဥက္ကဌ ဦးအောင်မိုးကပြောသည်။ ဂျပန်က နမ်းမှာ ပါဝင်ရမယ့် ပိုးသတ်တဲ့လုပ်ငန်းတစ်ခုကို သုည ဒသမ၂ ရာခိုင်နှုန်း သတ်မှတ်ထားတာကနေ အခုဆိုရင် သုည ဒသမ၁ ရာခိုင်နှုန်း

အထိ လျှော့ချလိုက်တယ်။ အစိုဓာတ်မများရဘူး။ ခြောက်သွေ့ရမယ်၊ ပိသာချိန်စီးရမယ် ။ ဒီလိုတွေ ကန့်သတ်လာတယ်။ ဒီလိုတွေတောင်းဆိုလာပေမယ့် ဈေးနှုန်းကတော့ ပြောင်းလဲမပေးဘူး။ တရုတ်ကတော့ ဒီလိုမဟုတ်ဘူး ဓာတ်ကြွင်း ကန့်သတ်ချက်မထားသလို ဈေးကွက်ပေါက်ဈေးအတိုင်းပေးဝယ်တော့ တရုတ်ကိုပဲ အားထားပို့နေရတယ်။ ဂျပန် ကုမ္ပဏီ ဖြစ်တဲ့ မစ်ဆူဘီရှီဆိုရင် နှမ်းပေါ်ချိန်ရောက်တိုင်း မကွေးကကုန်သည်၊ တောင်သူတွေနဲ့ လာလာတွေ့ပေမယ့် သူတို့ဘက်က ကန့်သတ်ချက်တွေများနေတော့ အများကြီးအလုပ်မဖြစ်လာဘူး။ မကွေးကထွက်တဲ့ စမုံနှမ်းနက် ဂျပန်က ကြိုက်နစ်သက် တယ်ဟု ၄င်းကပြောသည်။

မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းဖြင့် နှမ်းစိုက် ဧကပေါင်း ငါးသောင်းကျော် စိုက်ပျိုးရန် ရှိသလို အောင်လံ မြို့နယ်တွင် ဧက ၅၀၀၀ ခန့် စိုက်ပျိုးမည်ဖြစ်သည်။ လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် နှမ်းစိုက်ပျိုး ဧကပေါင်း ၄ သန်းခန့်ရှိပြီး တန်ချိန် ၉ သိန်းကျော်ထွက်ရှိကာ တရုတ်၊ တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံသို့ တစ်နှစ်လျှင် တန်ချိန် တစ်သိန်းသုံးသောင်းခန့်သာတင်ပို့နိုင်သေးသည်။ မြန်မာနိုင်ငံထွက် နှမ်းနက်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင် ဓာတုဓာတ်ကြွင်း ပါဝင်နေမှုလျှော့ချနိုင်ရေးအတွက် နည်းပညာအကူအညီရရှိရန်ဆွေးနွေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် အာဖရိကနှင့်မြန်မာမှထွက်ရှိသည့်နှမ်းကို ဦးစားပေးဝယ်ယူသော်လည်း ဆီထွက်နှုန်းနှင့်အရည်အသွေး ပိုကောင်းမွန်သည့် မြန်မာ့နှမ်းနက်ကို ပိုမို ကြိုက်နှစ်သက်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် နှမ်းကို မိုးနည်းရပ်ဝန်း ဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်ဒေသများတွင်လည်း အထိုက်အလျောက်စိုက်ပျိုးလျက်ရှိသည်။

**Source: The Farmer Media**

https://www.facebook.com/myanmaawba/?ref=page_internal

## ရေစကြိုမြို့နယ်ထွက် အဆင့်မြင့်ထန်းလျက်အမှုန့် ထုပ်ကို ပြည်ပနိုင်ငံသုံးနိုင်ငံအား တိုးချဲ့တင်ပို့ ရောင်းချမည်




ရေစကြိုမြို့နယ်ဒေသအသီးသီးမှထွက်ရှိသောထန်းလျက်ကုန်ကြမ်းများကို အဆင့်မြင့်ထန်းလျက်အမှုန့်ထုပ်ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံ သုံးနိုင်ငံသို့တိုးချဲ့တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ရေစကြိုမြို့ 555 ရွှေဟင်္သာထန်းလျက် ရောင်းဝယ်ရေးမှသိရသည်။ ရေစကြိုမြို့နယ်အတွင်း ထန်းတောင်သူများထံမှ တင်သွင်းရောင်းချလာသည့် ထန်းလျက် ကုန်ကြမ်း များကို အဆင့်မြင့်နည်းပညာများအသုံးပြု၍ အချိုမှုန့်အစားထိုးအဖြစ် ထန်းလျက်အမှုန့်ကုန်ချောကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် အဆင့်မြင့်ဓာတ်ခွဲခန်းတွင် စစ်ဆေးစမ်းသက်မှုများပြုလုပ်ပြီး အောင်မြင်မှု ရရှိသဖြင့် ဂျပန်နိုင်ငံသို့ မေလတတိယပတ်ကစ၍ တင်ပို့ရောင်းချခဲ့ကြောင်း ယခုအခါတွင် ဂျပန်နိုင်ငံအပြင် နယ်သာလန် တောင်ကိုရီးယား ထိုင်းနိုင်ငံများကိုလည်း တိုးချဲ့ပြီးတင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ အဆင့်မြင့်ထန်းလျက် အမှုန့်ထုပ်ကို ပြည်ပနိုင်ငံတွေကို စမ်းသပ်ပြသတဲ့အခါမှာ အတော်များများနစ်သက်သဘောကျပါတယ် အဟာရဓာတ် ပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့အတွက် စားသုံးသူတွေက အချိုမှုန့်အစားထိုးအဖြစ်သုံးစွဲကြပါတယ်။ ဒါကြောင့် ချိတ်ဆက်ထားတဲ့သုံးနိုင်ငံကို အမှုန့်ထုက်စက်ရုံ ပြီးလောက်မယ့်အချိန် ၂၀၁၈ ခုနှစ် နောက်ပိုင်းလောက်မှာ တင်ပို့ရောင်းချဖို့ စီစဉ်နေပါတယ်။ လက်ရှိအချိန်မှာတော့ ဂျပန်နိုင်ငံကို အဓိကတင်ပို့ရောင်းချနေပါတယ်ဟု 555 ရွှေဟင်္သာ ထန်းလျက် ရောင်းဝယ်ရေးမှ ပိုင်ရှင် ဦးကောင်းဆက်နိုင်မှပြောပြသည်။ 555 ရွှေဟင်္သာထန်းလျက်ရောင်းဝယ်ရေးအနေဖြင့် ရေစကြို မြို့နယ်အတွင်းရှိ ထန်းပင်ထန်းတောများ မျိုးသုဉ်းပျောက်ကွယ်မှုမဖြစ်စေခြင်း ထန်းတက်တောင်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရရှိစေခြင်းစသော ရည်ရွယ်ချက်များဖြင့် ထန်းလျှက်ကုန်ကြမ်းများကို အဆင့်မြင့်ထုက်ကုန် အဖြစ်ဖန်တီး၍ နိုင်ငံတကာသို့ လိုက်လံပြသ၍ ဈေးကွက်ချိတ်ဆက်မှုများ စမ်းသက်ရောင်းချမှုများ ဆောင်ရွက် နေကြောင်း ရေစကြိုမြို့နယ်အတွင်း ထန်းလျက်အမှုန့်ကြိတ်စက်ရုံ တည်ဆောက်မှုမှာလည်း ပြီးစီးလုနီးပါးဖြစ်နေကြောင်း ၄င်းစက်ရုံပြီးစီးသွားပါက ထန်းလျှက်အမှုန့်ကုန်ချောများကို တန်ချိန်နှင့်သက်မှတ်၍ အဆိုပါသုံးနိုင်ငံသို့ တင်ပို့ရောင်းချ သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.yadanarbonnews.com/index.php/dailynews/localnews/item/1569-2019-08-06-09-47-

14?fbclid=IwAR2fO36omCBfwLLHcI3qL4s-3UHCIGHbgQFPbXaagKtrjDr4pvX6HfTO4sA

## အခွန်တံဆိပ် လွဲမှားစွာကပ်နှိပ်ထားသည့် အထူးကုန်စည်များကို အရေးယူမည်

အခွန်အမှတ်တံဆိပ်များကို သတ်မှတ်ချက်များနဲ့အညီ ကပ်နှိပ်ထားခြင်းမရှိတဲ့ (သို့မဟုတ်) လွဲမှားစွာကပ်နှိပ်ထားတဲ့ အထူးကုန်စည်များကိုအခွန်မပေးဆောင်ရသေးတဲ့ အထူးကုန်စည်များအဖြစ် သတ်မှတ်အရေးယူဆောင်ရွက်မှာဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက ဩဂုတ်လ (၂) ရက်နေ့က လိုက်နာကျင့်သုံးရန်သတ်မှတ်ချက် အမှတ် (၄) ဖြင့် ထုတ်ပြန်ထားပါတယ်။ အဆိုပါ ထုတ်ပြန်ချက်အရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဖို့ သတ်မှတ်ထားတဲ့ အထူးကုန်စည်များကို ပြည်တွင်းသို့ တင်သွင်းသူ၊ ထုတ်လုပ်ရောင်းချသူ၊ ပြည်ပသို့ တင်ပို့သူ အခွန်ထမ်းများနဲ့ လက်ဝယ်ရှိ ပိုင်ဆိုင်သူများအပေါ် သက်ရောက်မှာဖြစ်ပါတယ်။ စီးကရက်၊ အရက်၊ ဝိုင်၊ ဆေးပေါ့လိပ်နဲ့ ဆေးပြင်းလိပ်အမျိုးမျိုးတို့ကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမယ့် အထူးကုန်စည်များအဖြစ် မတ်လကထုတ်ပြန်ထားပါတယ်။

အခွန်မပေးဆောင်ရသေးတဲ့ အထူးကုန်စည်ကို လက်ဝယ်ပိုင်ထားခြင်းနဲ့ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဖို့ ပျက်ကွက်ပါက ၎င်းကုန်စည်ရဲ့ (၁၀၀) ရာခိုင်နှုန်း ပေးဆောင်ရမယ့်အပြင် ၎င်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမှာဖြစ်ပါတယ်။ ဒါ့အပြင် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးဖို့ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အထူးကုန်စည်ထုတ်လုပ်သူမှ ပျက်ကွက်ခြင်းအတွက် အထူးကုန်စည်တန်ဖိုးရဲ့ (၅၀) ရာခိုင်နှုန်း ပေးဆောင်ရမှာဖြစ်ကြောင်း သိရပါတယ်။

**Source: Internal Revenue Department**

https://www.logisticsguide.com.mm/en/industry-news/local-industry/2248-tax-label-mistakenly-pressed-the-special-action-goods.html?fbclid=IwAR12dzlbP-lWtrHAw87PSv47VwwTCa8k5Me6jy-nb8gV1hSQPDAzXKRmX3U

## STOCK EXCHANGE (7.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 4,915 | 55,767,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,450 | 3,450 | 3,400 | 1,489 | 5,063,850 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | -200 | -2.47% | 8,000 | 8,000 | 7,900 | 136 | 1,087,500 | 10,400,986 | 82,168 |
| FPB | 00004 | 25,500 | +0 | +0.00% | 25,500 | 25,500 | 25,500 | 201 | 5,125,500 | 2,472,053 | 63,037 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 3,100 | 9,145,000 | 12,823,224 | 37,829 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.03 | -1.52 | -0.33% | 451.07 | 458.79 | 451.07 | 9,841 | 76,189,350 | 5 | 627,190 |

**Index chart**



# Market Overview

As of 1:00 pm, 7th Aug. 2019

| | |
|---|---|
| MYANPIX-1 | 458.03<br>1.52 |
| Total Volume (shares) | 9,841 |
| Total Value (MMK) | 76 mil |
| Listed Company | 5 |
| Market Cap. (MMK) | 627,190 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | 0 |
| MTSH | 00002 | 3,400 | 0 |
| MCB | 00003 | 7,900 | 200 |
| FPB | 00004 | 25,500 | 0 |
| TMH | 00005 | 2,950 | 0 |

TIR